# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း**

ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘောပေတည်း။

ယမကဝဂ်( ဓမ္မပဒ-၅)


၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 7 December 2025 ၁၂၀၂၄


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များအနေဖြင့် စည်းလုံးညီညွတ်စွာနေထိုင်ကြပြီး ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်

# နိုင်ငံတော်နှင့် တပ်မတော်အကျိုးကို မိမိတို့တတ်စွမ်းသည့် အခန်းကဏ္ဍမှ ပါဝင်အားဖြည့်ဆောင်ရွက်၍ နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားရသူများဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၆

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ★



ယနေ့ ဖတ်စရာ

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ (၁၈)ကြိမ်မြောက် ပန်းပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ
စာမျက်နှာ » ၅

၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစား လှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ
စာမျက်နှာ » ၆

မြန်မာနယ်စပ်ဒေသတွေမှာ ရာဇဝတ်ဂိုဏ်းတွေ ဘယ်လိုရောက်လာသလဲ
ဆောင်းပါး စာမျက်နှာ » ၈

ကြေးမုံ

# နိုင်ငံဖွံ့ဖြိုးရေးနှင့်ကာကွယ်ရေး ထာဝစဉ်အဆင့်မြှင့်ဆောင်ရွက်ပေး

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ဒီဇင်ဘာလ ၅ ရက်နေ့က ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားရာတွင် မျက်မှောက်ခေတ်နည်းပညာသာလွန်မှုအကျိုးရလဒ်များကို ပြောကြားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က "ယနေ့ခေတ် စစ်ပွဲများတွင် နည်းပညာမြင့်မားတိုးတက်လာမှုနှင့်အတူ ဒရုန်းအသုံးပြုမှုနယ်ပယ်တွင်လည်း ကျယ်ပြန့်လာခဲ့ကြောင်း၊ ထို့ကြောင့် ဒရုန်းနှင့်တန်ပြန်ဒရုန်းနည်းဗျူဟာများ၊ ကာကွယ်ရန်နည်းလမ်းများကို ကောင်းစွာသိရှိနားလည်ပြီး ထိရောက်စွာအသုံးချနိုင်ရန်နှင့် နည်းပညာပိုင်းတွင်လည်း မျက်ခြည်မပြတ်စေဘဲ စဉ်ဆက်မပြတ်တိုးတက်စေရေး လုပ်ဆောင်ရန်လိုသည်ကို ပြောကြားလိုကြောင်း၊ နိုင်ငံတကာတွင် လက်ရှိဖြစ်ပေါ်တိုးတက်နေသည့် စစ်ဘက်သိပ္ပံနှင့် နည်းပညာတိုးတက်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ်လေ့လာပြီး မိမိနိုင်ငံ၊ မိမိတပ်မတော်အတွက် တပ်မတော်နည်းပညာတက္ကသိုလ်၏ "ကျင့်ဝတ်၊ တီထွင်၊ စွမ်းအားရှင်" ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ဆန်းသစ်တီထွင် ထုတ်လုပ်နိုင်အောင် ကြိုးပမ်းသွားရန်" အသိပေးပြောကြားခဲ့သည်။

မျက်မှောက်ကာလတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများကိုကြည့်ပါက ယခင်က အဏုမြူလက်နက်၊ သမားရိုးကျလက်နက်များနှင့် ခြိမ်းခြောက်သည့်အခြေအနေမှ ယခုအခါ နည်းပညာအသုံးပြု စစ်ပွဲပုံသဏ္ဌာန်များ၊ အင်အားကြီးသည့်နိုင်ငံများက အုပ်စုဖွဲ့ပြီး အင်အားနည်းသည့်နိုင်ငံများကို ကြားခံထားကာ အဆိုပါနိုင်ငံများ၏ အိမ်နီးချင်း အင်အားကြီးနိုင်ငံများကို နည်းမျိုးစုံဖြင့် ထိန်းချုပ်ရန် ကြိုးစားလာကြသည်ကို တွေ့ရမည်ဖြစ်သည်။ သတင်းအချက်အလက်နှင့်ကိန်းဂဏန်းများကို စုစည်းတွက်ချက်ရယူပြီး တိကျစွာပစ်ခတ်နိုင်သည့် လက်နက်စနစ်များ၊ အမိန့်ပေးစနစ်များနှင့် သတင်းကွန်ရက်စနစ်များ ပေါင်းစပ်အသုံးပြုလာကြသည်ကို တွေ့ရသည်။ စစ်နည်းဗျူဟာကျွမ်းကျင်မှု၊ လေကြောင်းအကဲသာမှုနှင့် အီလက်ထရောနစ် နည်းပညာသာလွန်မှု၊ လက်နက်ခဲယမ်းများ ခေတ်မီကောင်းမွန်မှု၊ ထိရောက်တိကျမှုတို့သည် စစ်ပွဲ၏အနိုင်/အရှုံးအား အဓိကအဆုံးအဖြတ်ပေးလာသည်ကို တွေ့ရမည်ဖြစ်သည်။

ယနေ့ခေတ်ကာလ စစ်ဘက်ဆိုင်ရာ သိပ္ပံနှင့်နည်းပညာများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် ခေတ်သစ်စစ်ပွဲများတွင် ဦးဆောင်ကွပ်ကဲထိန်းချုပ်သည့် နည်းပညာများကို လူသားများအစား ဉာဏ်ရည်တုနည်းပညာ(AI) အသုံးပြုနိုင်သည်အထိ တိုးတက်ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ စစ်ပွဲများတွင် ဉာဏ်ရည်တုနည်းပညာ(AI) စနစ်များကို အသုံးပြုနိုင်ခြင်းဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များကို စုဆောင်းနိုင်သည့်အတွက် ရန်သူ၏လှုပ်ရှားမှုများကို ထိထိရောက်ရောက် ထောက်လှမ်းနိုင်မည်ဖြစ်သည်။ ဉာဏ်ရည်တုနည်းပညာ(AI)၏ အရေးပါသည့် အခန်းကဏ္ဍတစ်ခုမှာ ဆိုက်ဘာလုံခြုံရေးပင်ဖြစ်သည်။ ဆိုက်ဘာတိုက်ခိုက်မှုများကို လျင်မြန်စွာဖော်ထုတ်နိုင်ပြီး အချိန်မီတုံ့ပြန်နိုင်ခြင်းကြောင့် စစ်ရေးကွန်ရက်လုံခြုံရေးကို အမြင့်ဆုံးမြှင့်တင်ပေးနိုင်သည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသော နည်းပညာများကို မျက်ခြည်အပြတ်မခံဘဲ စစ်ရေးစွမ်းရည် တိုးတက်လာအောင် အချိန်နှင့်အမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားများအတွက် ကြီးမားသောခြိမ်းခြောက်မှုများဖြစ်သည့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတွင်လည်း လူသားချင်းစာနာထောက်ထားမှုများနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် လတ်တလောဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ဒဏ်ကြောင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ခြင်း၊ အန္တရာယ်ရှိအဆောက်အအုံများ ဖယ်ရှားရှင်းလင်းခြင်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

အင်ဂျင်နီယာပိုင်းဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်ပြည့်မီပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်နိုင်သည့် သာဓကအဖြစ် မန္တလေးငလျင်ဒဏ်ကို ခံနိုင်ရည်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မပျက်စီးခြင်းက သက်သေပင်ဖြစ်သည်။ တပ်မတော်၏နည်းပညာနှင့်အင်ဂျင်နီယာစွမ်းပကားများသည် တပ်မတော်သမိုင်းကြောင်းတွင် အခိုင်အမာမော်ကွန်းတင်နိုင်မှု များစွာရှိသည်။ မျက်မှောက်ကာလ အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် အများပြည်သူအသုံးပြုလျက်ရှိသော လမ်း၊ တံတား အခြေခံအဆောက်အအုံများကို အလျင်အမြန် ပြန်လည်တည်ဆောက်ပေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ တပ်မတော်၏ အင်ဂျင်နီယာစွမ်းပကားဖြင့် အားထားရသည့် လက်ရုံးတပ်ဖွဲ့အဖြစ် အစဉ်အလာကောင်းများနှင့်အညီ နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ဆောက်ရေးတွင် ကျေပွန်စွာထမ်းရွက်ခဲ့သလို ခေတ်သစ်နည်းပညာ ကာကွယ်ရေးစွမ်းပကားဘက်တွင်လည်း တိုးတက်ပြောင်းလဲဖြစ်ပေါ်မှုများကို မျက်ခြည်အပြတ်မခံဘဲ အဆင့်မြင့်မားသော တပ်မတော်အဖြစ် နိုင်ငံတော်နှင့် နိုင်ငံသားများအား ထာဝစဉ်ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါကြောင်း။ ။




## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ကျိုင်းတုံမြို့၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

ကျိုင်းတုံ ဒီဇင်ဘာ ၆

ကျိုင်းတုံမြို့ ပြည်တွင်းအခွန်ဦးစီးဌာန၌ ဖုန်းနှင့်ဆက်စပ်ပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များအား အခွန်ပညာပေးရှင်းလင်းပွဲကို ဒီဇင်ဘာ ၄ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကျိုင်းတုံမြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ကေသွယ်ကျော်က အခွန်ကောက်ခံရသည့် ရည်ရွယ်ချက်များအကြောင်း၊ ဖုန်းနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များအား ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာအကြောင်းစသည့် အခွန်အကြောင်း သိကောင်းစရာများကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် ဖုန်းနှင့်ဆက်စပ်ပစ္စည်း အရောင်းဆိုင်ပြည်သူများက သိလိုသည်များ မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## သဃ်န်းကျွန်းခရိုင်၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၆

ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း(သုဝဏ္ဏ)၌ သဃ်န်းကျွန်းခရိုင်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ သဃ်န်းကျွန်းမြို့နယ် ဥပဒေအရာရှိ ဦးကျော်သူက အမျိုးသမီးများအပေါ်အကြမ်းဖက်မှုဆိုင်ရာ ဥပဒေကိစ္စရပ်များကိုဟောပြောပြီး သဃ်န်းကျွန်းမြို့မရဲစခန်း အမှုစစ်အရာရှိ ဒုရဲအုပ်အိဖြိုးအောင်က အမျိုးသမီးများ အကြမ်းဖက်အန္တရာယ်မှ ကျူးလွန်ခြင်းမခံရစေရေး ဟောပြောသည်။

ဟောပြောပွဲအပြီးတွင် တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများအား ဥပဒေအရာရှိ ဦးကျော်သူနှင့် ဒုရဲအုပ်အိဖြိုးအောင်တို့က မေးခွန်းများမေးမြန်းခဲ့ကြရာ ဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူ ၂၀ အား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာမွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇော်မိုး(သဃ်န်းကျွန်း)**

## ၆ - ၁၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

★ မကြာမီကာလအတွင်း ပြင်ဦးလွင်မြို့တွင် သုမင်္ဂလာအဆင့်မြင့်ဈေးသစ်ကြီးကို အဆင့်မီစွာ ဖွင့်လှစ်ပေးနိုင်တော့မည်

★ ပြင်ဦးလွင်မြို့ မြို့မဈေးကြီးကိုလည်း မြို့ပြအဆင့်မီစွာဖြင့် အဆင့်မြင့်တင်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ပြင်ဦးလွင်ဘူတာကြီးအနီး၌လည်း မီးရထားဟိုတယ်နှင့် အဆင့်မြင့်ဈေးသစ်ကြီးတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်

★ ပြင်ဦးလွင်သို့ လာရောက်လည်ပတ်သည့် ခရီးသွားများအဆင်ပြေစွာ တည်းခိုနိုင်ရေး တည်းခိုသည့်နေရာများကိုပါ ထည့်သွင်းတည်ဆောက်ပေးသွားမည်

★ အခြားသော မြို့ပြအဆင့်မြင့်တင်မှုစီမံကိန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်

★ရှေ့ဖုံးမှ

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဗိုလ်လောင်းများ တက်ရောက်ကြသည်။

**ပြင်ဦးလွင်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဘက်ပေါင်းစုံမှ စဉ်းစား၍ စီမံဆောင်ရွက်ပေးလျက်ရှိ**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဗိုလ်လောင်းများအား လိုအပ်သည်များကို မှာကြားနိုင်ရန် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့သည် ခေတ်ကာလများစွာကတည်းက တည်ရှိခဲ့သည့်မြို့ဖြစ်ပြီး တောင်လှေကားမြို့၊ ပန်းမြို့တော်၊ ချယ်ရီမြို့တော် စသည်ဖြင့် တင်စားခေါ်ဝေါ်ကြကြောင်း၊ ခေတ်အဆက်ဆက်တာဝန်ရှိသူများအနေဖြင့်လည်း မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်ကိုတွေ့ရှိရကြောင်း၊ အောင်မြင်မှုများရှိခဲ့သကဲ့သို့ အားနည်းချက်များလည်း ရှိကြောင်း၊ တပ်မတော်အနေဖြင့် လည်း တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြကြောင်း၊ ကော်ဖီမြို့တော်ဖြစ်စေရေးအတွက် နိုင်ငံတော်အဆင့်စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့ပြီး ကော်ဖီစိုက်ပျိုးရန်အတွက် ခွင့်ပြုပေးထားသည့် စိုက်ပျိုးမြေများအသုံးချမှုကို စည်းကမ်းနှင့်အညီ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန်၊ အားနည်းချက်များကြောင့် ကော်ဖီစိုက်ပျိုးမှုများမှာ ထိုက်သင့်သလောက် တိုးတက်မှုမရှိခဲ့သည်ကို တွေ့မြင်ရကြောင်း၊ ပြင်ဦးလွင်ဒေသမှ ထွက်ရှိသည့် အာရေးဗီးကားကော်ဖီသည် ပြည်ပဈေးကွက်ဝင် ကော်ဖီအမျိုးအစားတစ်ခုဖြစ်ကြောင်း၊ သို့သော်လည်း ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိသည်မှာ မိမိတို့အလုပ်လုပ်ရန် လိုအပ်နေမှုကိုပြသခြင်းပင်ဖြစ်ကြောင်း။

ပန်းမြို့တော်နှင့်ပတ်သက်၍ ပြင်ဦးလွင်မြို့သည် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်ပြီး မေမြို့ပန်း၊ ဂန္ဓမာပန်းနှင့် သစ္စာပန်းများအပါအဝင် အခြားပန်းမျိုးများစွာ စိုက်ပျိုးဖြစ်ထွန်းကြောင်း၊ ပန်းပြပွဲများ၊ ပန်းပွဲတော်များ ကျင်းပပြုလုပ်နေရုံဖြင့် မလုံလောက်ဘဲ ဒေသမှထွက်ရှိသည့် ပန်းမျိုးများကို ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာ့ဈေးကွက်သို့ ဖြန့်ချိနိုင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ သစ်သီးဝလံများနှင့် ပတ်သက်၍လည်း စိုက်ပျိုးဖြစ်ထွန်းသည့် ဒေသတစ်ခုဖြစ်သဖြင့် ပြင်ဦးလွင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသ၏ အရင်းအမြစ်ကောင်းများကို အကျိုးရှိရှိ အသုံးချနိုင်ရန်လိုကြောင်း။

ပညာရေးမြို့တော်နှင့် ပတ်သက်၍ ပြင်ဦးလွင်မြို့သည် အစဉ်အလာကောင်းရှိသည့် မြို့တစ်မြို့ဖြစ်ပြီး ရာသီဥတုသာယာပြီး အေးချမ်းစွာပညာသင်ကြားနိုင်ရေးကို အထောက်အကူဖြစ်စေ၍ ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ပုဂ္ဂလိကကျောင်းများ များစွာဖွင့်လှစ်သင်ကြားလျက်ရှိသည်ကိုလည်းတွေ့ရှိရပြီး ပုဂ္ဂလိကကျောင်းများအနေဖြင့် အောင်ချက်ကောင်းရုံသာ ဦးတည်ဆောင်ရွက်ခြင်းမျိုးမပြုလုပ်ဘဲ ကျောင်းသား ကျောင်းသူများအား အမှန်တကယ် ပညာတတ်မြောက်အောင် သင်ကြားပေးသည့်ကျောင်းများ ဖြစ်စေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေလိုဘဲ စည်းကမ်းစနစ်တကျဖြင့် နိုင်ငံတော်၏ ပညာရေးမြှင့်တင်မှုအခန်းကဏ္ဍကို အထောက်အပံ့ကောင်းများ ဖြစ်ကြရန်လိုကြောင်း၊ ပြင်ဦးလွင်တစ်ဝိုက်၌ အဆင့်မြင့်တက္ကသိုလ်များရှိနေခြင်းသည် ပညာရေးမြို့တော်အဖြစ်ဆောင်ရွက်ရေး အခြေခံကောင်းတစ်ခုပင်ဖြစ်ကြောင်း။

ကျန်းမာရေးမြို့တော်ဖြစ်စေရေးနှင့်ပတ်သက်၍ ပြင်ဦးလွင်ဒေသသည် သာယာအေးမြပြီး စိမ်းလန်းစိုပြည်သည့်ရာသီဥတုရှိပြီး အပန်းဖြေအနားယူရန် ကောင်းမွန်သည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် မြို့တော်ဖြစ်စေရေးအတွက်လည်း ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်စွာပေးနိုင်သည့် ခေတ်မီဆေးရုံကြီးများဖြစ်ပေါ်လာရေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြင်ဦးလွင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှစဉ်းစား၍ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံများအနေဖြင့်လည်း မိမိတို့ဒေသအမှန်တကယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥစ္စာရင်းလို၊ ဥစ္စာရင်းခဲဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မကြာမီကာလအတွင်း ပြင်ဦးလွင်မြို့တွင် သုမင်္ဂလာအဆင့်မြင့်ဈေးသစ်ကြီးကို အဆင့်မီစွာ ဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ အလားတူ ပြင်ဦးလွင်မြို့ မြို့မဈေးကြီးကိုလည်း မြို့ပြအဆင့်မီစွာဖြင့် အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ပြင်ဦးလွင်ဘူတာကြီးအနီး၌လည်း မီးရထားဟိုတယ်နှင့် အဆင့်မြင့်ဈေးသစ်ကြီးတစ်ခုကို အကောင်အထည် ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်သို့လာရောက်လည်ပတ်သည့် ခရီးသွားများ အဆင်ပြေစွာ တည်းခိုနိုင်ရေး တည်းခိုသည့်နေရာများကိုပါ ထည့်သွင်းတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ အခြားသော မြို့ပြအဆင့်မြှင့်တင်မှုစီမံကိန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြင်ဦးလွင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်နေထိုင်ကြသည့် ဒေသခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများအနေဖြင့်လည်း မိမိတို့ တတ်စွမ်းသည့်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး**

နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ပတ်သက်၍ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကို ဆောင်ရွက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အား ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေရသည့် ကာလအတွင်း နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးပဋိပက္ခများ၊ လက်နက်ကိုင်အကြမ်းဖက်မှုများ၊ ကပ်ရောဂါနှင့် သဘာဝဘေးအန္တရာယ် ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုများ စသည့် အခက်အခဲ၊ အကြပ်အတည်းမျိုးစုံကို သစ္စာရှိ နိုင်ငံ့ဝန်ထမ်းများ၊ တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများ၊ မိတ်ဖက်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးအကြီးဆုံးဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတစ်ရပ်ကို အောင်မြင်စွာကျင်းပပေးနိုင်ရေး လိုအပ်သည့်ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများအားလုံးကို အောင်မြင်စွာဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ယခု ဒီဇင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပထမပိုင်း ပြုလုပ်ပြီး နှစ်ပတ်ကြာချိန်တွင် ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဒုတိယပိုင်းကျင်းပပြီး နှစ်ပတ်ကြာချိန်တွင် တတိယပိုင်းကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုံခြုံရေးပိုင်းဆိုင်ရာများအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်အထမြောက်စေရေးအတွက် မဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ကြရန်လိုကြောင်း၊ ဆန္ဒမဲများပေးရာတွင် တိုင်းပြည်နှင့် ဒေသအကျိုးကို ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊စီးပွားရေးအမြင်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအမြင်ရှိသူများကို ရွေးချယ်၍ဆန္ဒမဲပေးကြရန်လိုကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ရာတွင် မဲမသမာမှုများ လုပ်ဆောင်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များဖြင့် မဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် မဲမသမာမှုမဖြစ်စေရေးနှင့် ဆန္ဒမဲများပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ မဲစာရင်းများကို ထုတ်ပြန်လျက်ရှိပြီး နှစ်ကြိမ်ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ ဆက်လက်၍ တတိယအကြိမ် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ မဲစာရင်းပါရှိသူများအားလုံး လွတ်လပ်စွာဖြင့် လုံခြုံစွာ မဲပေးနိုင်ရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**တပ်မတော်ပိုင်းဆိုင်ရာ**

တပ်မတော်ပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်ဖြစ်သော်လည်း ခေတ်အဆက်ဆက်တွင်ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေး အခန်းကဏ္ဍတွင်လည်း ပါဝင်နေရခြင်းဖြစ်ကြောင်း၊ လက်ရှိနိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်အကြမ်းဖက်မှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အတူတကွပူးပေါင်း၍ တိုက်ဖျက်ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အား အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလည်း ပြုပြင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်သားများ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုရှိစေရေး၊ ရဲစွမ်းသတ္တိရှိစေရေး၊ စစ်လက်နက်နှင့် စစ်နည်းဗျူဟာများ ကျွမ်းကျင်မှုရှိစေရေး "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့် မူဝါဒချမှတ်၍ ဆောင်ရွက်စေလျက်ရှိကြောင်း၊ စဉ်ဆက်မပြတ်ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများနှင့် မျက်ခြည်မပြတ်စေရေး အမြဲမပြတ်လေ့လာနေရမည်၊ သင်ယူတတ်မြောက်ပြီးဖြစ်သည့် စစ်မှုရေးရာနည်းနာများနှင့် စစ်အတတ်ပညာများကို ပိုမိုကျွမ်းကျင်ပိုင်နိုင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားရှိသည့်

စာမျက်နှာ ၄ သို့ ★

★ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးအကြီးဆုံးဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတစ်ရပ်ကို အောင်မြင်စွာ ကျင်းပပေးနိုင်ရေး လိုအပ်သည့်ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများအားလုံးကို အောင်မြင်စွာဆောင်ရွက်ခဲ့ပြီးဖြစ်

★ ယခု ဒီဇင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်သွားမည်၊ ရွေးကောက်ပွဲ ပထမပိုင်းပြုလုပ်ပြီး နှစ်ပတ်ကြာချိန်တွင် ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်သွားမည်၊ ဒုတိယပိုင်းကျင်းပပြီး နှစ်ပတ်ကြာချိန်တွင် တတိယပိုင်းကို ဆက်လက်ပြုလုပ်သွားမည်

★ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုံခြုံရေးပိုင်းဆိုင်ရာများအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်သွားကြရမည်

★ စာမျက်နှာ ၃ မှ

စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များကို အမြဲလိုက်နာကျင့်သုံးနေရမည် ဖြစ်ကြောင်း၊ စစ်သည်တိုင်းတစ်ဦးချင်း စစ်စည်းကမ်းကောင်းမွန်ပြီး အုပ်ချုပ်ထောက်ပံ့မှုများ ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာသည်လည်း ကောင်းမွန်ခိုင်မြဲလာမည်ဖြစ်သဖြင့် အုပ်ချုပ်မှုညီညွတ်မျှတကောင်းမွန်ရေးကို အလေးထားလိုက်နာဆောင်ရွက်သွားရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် စစ်သည်အဆင့်အတန်းအားလုံး၏ နေရေး၊ စားရေး၊ ဝတ်ရေးတို့အပါအဝင် ရသင့်ရထိုက်သည့်ခံစားခွင့်များ အားလုံးရရှိစေရေး ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့်လည်း မိမိကိုယ်ကို အကျိုးမဖြစ်စေနိုင်သည့် အသောက်အစား၊ အပျော်အပါးနှင့် အစားအသောက်များကို ကိုယ်စီအသိစိတ်ဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့ရရှိသည့် ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင်သုံးစွဲခြင်းဖြင့် သက်သာချောင်ချိမှုကို ဖန်တီးနိုင်မည်ဖြစ်ပြီး ဝင်ငွေနှင့် ထွက်ငွေမျှတမှုရှိစေရေး အသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိဆောင်ရွက်ကြစေလိုကြောင်း။

**ပြည်တွင်းကုန်ထုတ်လုပ်မှု အားပေးဆောင်ရွက်ကြရန်လိုအပ်မှု**

ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့်ပတ်သက်၍ ယခင်ကတည်းက မိမိတို့နိုင်ငံတွင် ကုန်ထုတ်လုပ်မှုနည်းပါးပြီး သယံဇာတပစ္စည်းများကို ရောင်းချ၍ နိုင်ငံတော်အတွက် လိုအပ်သည့် ငွေကြေးများကို ရယူသုံးစွဲခဲ့ကြောင်း၊ ခေတ်အဆက်ဆက်တွင် လယ်ယာထွက်ကုန်ပစ္စည်းများထွက်ရှိမှုမှာ စာရင်းအရ ကွာခြားချက်များရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများလည်း ထွက်ရှိပြီး ပြည်တွင်းဆီဖူလုံမှုရှိစေရေး ဆီထွက်သီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုများရှိမှသာ ပြည်ပပို့ကုန်များရရှိမည်ဖြစ်ပြီး နိုင်ငံခြားငွေများရရှိကာ ကုန်သွယ်မှုပိုငွေများရရှိမည်ဖြစ်ကြောင်း၊ ယခင်ဒီမိုကရေစီအစိုးရသက်တမ်းနှစ်ခုတွင် နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှုလိုငွေများရှိခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဖွဲ့စည်းပြီးချိန်တွင် **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"၊ "နိုင်ငံတော်သာယာဖို့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့"**ဟူသည့် ဆောင်ပုဒ်များကိုချမှတ်ထားကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခုအနေဖြင့် အလုပ်လုပ်ကိုင်မှသာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း အားပေးဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့်လုပ်ငန်းဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အတတ်ပညာများလိုအပ်ပြီး အတတ်ပညာရှိရန်အတွက် အတန်းပညာများမြင့်မားရန်လိုအပ်သဖြင့် ပညာရည်မြင့်တင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

## ☆ သမိုင်းကြောင်းအရ၊ ဖြစ်ပေါ်နေသည့် အခြေအနေများအရ တပ်မတော်အနေဖြင့် နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ဆက်လက်ပါဝင်နေရဦးမည်

## ☆ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစနစ်များထွန်းကားပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမရှိသည့်အချိန်တွင် တပ်မတော်အနေဖြင့် လွှတ်တော်တွင်ပါဝင်နေမှုကို အဆင့်ဆင့်လျှော့ချသွားနိုင်မည်

## ☆ လက်ရှိအချိန်တွင် တပ်မတော်အနေဖြင့် နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နေရခြင်းကြောင့် လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်သွားကြရန်လို

**တပ်မတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်နေမှု**

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ခေတ်အဆက်ဆက်သမိုင်းကြောင်းများအရ ပါဝင်ခဲ့ရကြောင်း၊ သမိုင်းကြောင်းအရ၊ဖြစ်ပေါ်နေသည့် အခြေအနေများအရ တပ်မတော်အနေဖြင့် နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ဆက်လက်ပါဝင်နေရဦးမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစနစ်များထွန်းကားပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ မရှိသည့်အချိန်တွင် တပ်မတော်အနေဖြင့် လွှတ်တော်တွင်ပါဝင်နေမှုကို အဆင့်ဆင့်လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် တပ်မတော်အနေဖြင့် နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နေရခြင်းကြောင့် လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

**တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ခံစားခွင့်များနှင့် ရသင့်ရထိုက်သည်များအား ပြည့်ဝစွာရရှိရေး ဖြည့်ဆည်းဆောင်ရွက် ပေးလျက်ရှိ**

တပ်မတော်သားများ၏ ခံစားခွင့်များနှင့် ပတ်သက်၍ မိမိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်ချိန်တွင် ပါရဂူဘွဲ့များနှင့် မဟာဘွဲ့ရရှိသူများအား ခံစားခွင့်များတိုးမြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ ၂၀၂၁ ခုနှစ်မှစ၍ နိုင်ငံတော်တာဝန်များကိုထမ်းဆောင်ခဲ့ရချိန်တွင် ပညာရေးဌာန၊ ကျန်းမာရေးဌာနနှင့် အခြားဌာနများရှိ တာဝန်ထမ်းဆောင်နေသူများအား သက်ဆိုင်ရာပညာရပ်များအလိုက် ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိအနေဖြင့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ သက်စွန့်ဆံဖျား စရိတ်ကို မြှင့်တင်ဆောင်ရွက်ပေးခဲ့သကဲ့သို့ နိုင်ငံ့ဝန်ထမ်းများအတွက်လည်း ထောက်ပံ့ကြေးများ တိုးမြှင့်ပေးခဲ့ကြောင်း၊ တပ်မတော်သားများ၏ စားရေရိက္ခာများ ပြည့်ဝစွာရရှိရေး၊ နေထိုင်မှုနှင့် ဝတ်ဆင်မှုများ အဆင့်မီကောင်းမွန်စေရေးတို့အတွက်ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

တပ်မတော်သားများ၏ ပညာရည်မြှင့်တင်ရေးပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ ပညာဆိုသည်မှာ သင်ကြားနေရုံဖြင့်မပြီးဘဲ မိမိတို့အတွက် ဗဟုသုတအသိဉာဏ်ပညာများကို ရရှိစေနိုင်သည့် သုတ၊ ရသစာအုပ်စာစောင်များကို စဉ်ဆက်မပြတ် ဖတ်ရှုလေ့လာခြင်း၊ မှတ်သားခြင်း၊ လက်တွေ့အသုံးချခြင်း၊ အခြားသောသူများကို မျှဝေခြင်းတို့ကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိမိတို့ဘဝအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ အလားတူ မိမိတို့ သားသမီးများ၏ ပညာရည်မြင့်မားရေးအတွက်လည်း ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သား မိသားစုဝင် သားသမီးများအား ပညာရည်မြှင့်တင်ရေးအတွက် ခေတ်အဆက်ဆက် အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထူးချွန်သည့် တပ်မတော်သား မိသားစုဝင် ကျောင်းသား ကျောင်းသူများအား ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးများ စေလွှတ်ပေးလျက်ရှိသကဲ့သို့ အခြားသော ချီးမြှင့်ထောက်ပံ့မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိဘများအနေဖြင့်လည်း မိမိတို့ သားသမီးများ၏ ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ အားလုံးအနေဖြင့် စည်းလုံးညီညွတ်စွာနေထိုင်ကြရန်လိုပြီး နိုင်ငံတော်နှင့် တပ်မတော်မှ ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်အကျိုးကို မိမိတို့တတ်စွမ်းသည့် အခန်းကဏ္ဍမှ ပါဝင်အားဖြည့် ဆောင်ရွက်၍ နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထားရသူများဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မအူပင်မြို့နယ်အတွင်းရှိ ကျေးလက်လမ်း တံတားလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

မအူပင် ဒီဇင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် သောင်တန်း - တံခွန်တိုင် - မီးသွေးချောင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် ရေလဲကလေး - မလောင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မအူပင်မြို့နယ်အတွင်းရှိ ကျေးလက်လမ်း၊ တံတားများအား အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ လုပ်ငန်းများကို ဆောလျင်စွာနှင့် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

# မင်းတုန်းမြို့နယ်၌ မီးဘေးလုံခြုံရေးစစ်ဆေး

မင်းတုန်း ဒီဇင်ဘာ ၆

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ မြို့ပေါ်ရပ်ကွက်လေးခုရှိ မဲရုံများအဖြစ် ဆောင်ရွက်မည့်နေရာများနှင့် အဆောက်အအုံများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ ယနေ့နံနက် ၉ နာရီက သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စာရေးများနှင့်အတူ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စစ်ဆေးရာတွင် မဲရုံများအဖြစ် ဖွင့်လှစ်ဆောင်ရွက်မည့် စာသင်ကျောင်းများ၊ ဓမ္မာရုံများကို မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်စေရေး၊ မဲရုံအဖြစ်ဆောင်ရွက်မည့် ပတ်ဝန်းကျင်တွင် မီးလောင်လွယ်သည့် စွန့်ပစ်ပစ္စည်းများနှင့် အမှိုက်များ မရှိစေရေး စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**ချင်းကလေး(NRDC)**

# မော်လမြိုင်ကျွန်းမြို့နယ်ရှိ ကျေးလက်လမ်းဆောင်ရွက်နေမှုလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၆

ဧရာဝတီတိုင်း ဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းကို ဒီဇင်ဘာ ၃ ရက်တွင် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။



ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံအင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ လပွတ္တာခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)၊ မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ)နှင့် အရည်အသွေးထိန်းသိမ်းရေးအဖွဲ့တို့က မြေပြင်အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မော်လမြိုင်ကျွန်းမြို့နယ်အတွင်း၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျေးလက်လမ်း၊ တံတားလုပ်ငန်း ခြောက်ခုကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်
၂၁
ရက်
သာ လိုတော့သည်။

## ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ (၁၈)ကြိမ်မြောက် ပန်းပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၆**

ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ (၁၈)ကြိမ်မြောက် ပန်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာ မျိုးသိန်းကျော်နှင့် ဦးမျိုးသန့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြင်ဦးလွင်တပ်နယ်မှအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ထူးကုမ္ပဏီများအုပ်စုမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်ပရိသတ်များ တက်ရောက်ကြသည်။



အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားကန်တော်ကြီးဥယျာဉ်၏ သမိုင်းအစဉ်အလာကို တန်ဖိုးထားဂုဏ်ယူနိုင်စေရန်၊ ရုက္ခဗေဒပညာရပ်၏ အရေးပါမှုနှင့် အကျိုးပြုမှုတို့ကို ပိုမိုသိရှိတန်ဖိုးထားတတ်လာစေရန်၊ ပြည်သူအများ ဗဟုသုတတိုးပွားပြီး စိတ်ကြည်နူးစွာအပန်းဖြေနိုင်စေရန်နှင့် ဒေသလူမှုစီးပွားနှင့် ခရီးသွားလုပ်ငန်းကဏ္ဍကို အထောက်အကူပြုနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ပန်းပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း၊ ၁၉၂၄ ခုနှစ်မှာ "မေမြို့ရုက္ခဗေဒ ဥယျာဉ်ကြီးဝိုင်း"အဖြစ် သတ်မှတ်ကြေညာတည်ထောင်ခဲ့သည့် "အမျိုးသားကန်တော်ကြီးဥယျာဉ်" မှာ ယခင်နှစ် ၂၀၂၄ ခုနှစ်တွင် နှစ်ပေါင်း (၁၀၀) ပြည့်ခဲ့ပြီး ရာပြည့်ပွဲအခမ်းအနားကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏အထိမ်းအမှတ် (Landmark) တစ်ခုဖြစ်သည့် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ဥယျာဉ်၌ နှစ်စဉ်ကျင်းပလျက်ရှိသည့် ပန်းပွဲတော်သည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသလူမှုစီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည့်အတွက် နှစ် (၁၀၀) ကျော် တိုင်ခဲ့ပြီဖြစ်သော အမျိုးသားကန်တော်ကြီးဥယျာဉ်၏ သမိုင်းအစဉ်အလာကို ဂုဏ်ယူ၍ လက်ဆင့်ကမ်းတန်ဖိုးထား ထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့၊ ထူးကုမ္ပဏီများအုပ်စုမှ တာဝန်ရှိသူများက အမျိုးသားကန်တော်ကြီးဥယျာဉ်၏ (၁၈)ကြိမ်မြောက် ပန်းပွဲတော်စွဲမက်ဖွယ်ရာပန်းခင်းကမ္ဘာ (Immersive Flowers Festival) အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ပန်းပွဲတော်အဖွင့် မြန်မာ့ဆိုင်းဝိုင်းနှင့် သစ္စာဓိရာဇ်ဖျော်ဖြေရေးအဖွဲ့တို့ တွဲဖက်၍ နိုင်ငံကျော်တေးသံရှင် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး ဖျော်ဖြေတင်ဆက်သည့် အဖွဲ့များအတွက် ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ပြကွက်များအလိုက် အလှပန်းမန်များစိုက်ပျိုးထားရှိမှု၊ လာရောက်အပန်းဖြေအနားယူနေကြမှုတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းနှင့် (၁၈)ကြိမ်မြောက် ပန်းပွဲတော်အား ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၆ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ပန်းပွဲတော်အပါအဝင် ပြင်ဦးလွင်မြို့ရှိ အပန်းဖြေစခန်းများနှင့် အထင်ကရနေရာများသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်အပန်းဖြေ အနားယူကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော်နည်းပညာတက္ကသိုလ်၏ (၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၆**

တပ်မတော် နည်းပညာတက္ကသိုလ်၏ (၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် အောင်ဌေး၊ တပ်မတော်နည်းပညာတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒုတိယဗိုလ်မှူးကြီး မြင့်ဝင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များနှင့် ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်နည်းပညာ တက္ကသိုလ် ကျောင်းအုပ်ကြီး၊ ခေတ္တပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမသို့ ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီး နိုင်ငံတော်သီချင်း တီးမှုတ်ကာ ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖွင့်လှစ်သည်။

**ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်း**

ထို့နောက် ခေတ္တပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများ စောင့်ထိန်းရမည့်ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ကတိခံဝန်မှုပြုခြင်းကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ခေတ္တပါမောက္ခချုပ်က မဟာအင်ဂျင်နီယာဘွဲ့၊ အင်ဂျင်နီယာ ပညာသင်ကြားရေး ဒီပလိုမာဘွဲ့၊ အင်ဂျင်နီယာဘွဲ့လွန် ဒီပလိုမာဘွဲ့နှင့် အင်ဂျင်နီယာဘွဲ့ ရရှိသူများအား သက်ဆိုင်ရာ ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် ခေတ္တပါမောက္ခချုပ်က ဘွဲ့ရရှိသူများအား ဘွဲ့များနှင့်လျော်ညီသော အမှတ်လက္ခဏာဖြစ်သည့် ဝတ်စုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ခေတ္တပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်မိန့်ခွန်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း ကြေညာကာ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ခေတ္တပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

တပ်မတော် နည်းပညာတက္ကသိုလ်အနေဖြင့် ပထမအကြိမ်ဘွဲ့နှင်းသဘင်မှ ယခု (၂၇) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိ အင်ဂျင်နီယာဘွဲ့ရအရာရှိ ၇၈၃၃ ဦး၊ အင်ဂျင်နီယာမဟာဒဿနဘွဲ့ရရှိသူ ငါးဦး၊ အင်ဂျင်နီယာပညာသင်ကြားရေး ဒီပလိုမာဘွဲ့ရရှိသူ ၁၄၉ ဦး၊ အင်ဂျင်နီယာဘွဲ့လွန် ဒီပလိုမာဘွဲ့ရရှိသူ ၅၄၄ ဦး၊ မဟာအင်ဂျင်နီယာဘွဲ့ရရှိသူ ၆၄၇ ဦးနှင့် အင်ဂျင်နီယာပါရဂူဘွဲ့ရရှိသူ ၁၇၆ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ဂုဏ်ထူးဆောင်အင်ဂျင်နီယာပါရဂူဘွဲ့ရရှိသူ နှစ်ဦးကိုလည်း ဘွဲ့များ အပ်နှင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အောင်မြေသာစံမြို့နယ်၌ အခွန်ဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၆**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်မြေသာစံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက အခွန်ဆိုင်ရာဆွေးနွေးပွဲကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်နွယ်ဌေးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်မေစံပယ်ဖြူအောင်က ပြည်တွင်းအခွန်ဦးစီးဌာနမှ ကောက်ခံလျက်ရှိသည့် အခွန်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းဟောပြောရာ တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၆**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူတစ်ဦးချင်းမှအစပြု၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့အားကစားလောက အဆင့်အတန်းတိုးတက်မြင့်မားစေရေးအတွက် ရည်ရွယ်၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထု အားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

**ပါဝင်ဆင်နွှဲ**

စုပေါင်း လမ်းလျှောက်ပွဲသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယ စာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်း မိသားစုဝင် စုစုပေါင်းအင်အား ၄၀၀၀ နီးပါးခန့် ပျော်ပျော်ရွှင်ရွှင် စည်ကားသိုက်မြိုက်စွာ ပါဝင် ဆင်နွှဲကြသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထု အားကစားလှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက ခရာမှုတ်၍ ဖွင့်လှစ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်အမှတ်(၁)မှ စတင်တာထွက်ကြပြီး ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၏ သတ်မှတ်လမ်းကြောင်းများအတိုင်း ဂိတ်(A) ရှေ့အထိ ပျော်ပျော်ပါးပါး လမ်းလျှောက်ကာ စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ(၁)၊ (၂)နှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများက သရုပ်ပြသပေး၍ စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ကြသူများက တက်ကြွစွာပါဝင် ဆောင်ရွက်ခဲ့ကြပြီး စုပေါင်း လမ်းလျှောက် သူများအား အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများက ရေသန့်ဘူးနှင့် အာဟာရမုန့်များ ပေးဝေကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ၏ အပတ်စဉ် စနေနေ့တိုင်း ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ အပြင် ဝန်ထမ်းမိသားစုဝင်များပါ ပါဝင်ဆင်နွှဲသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက ပဲခူးမြို့တွင် ကျင်းပပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ အစိုးရအဖွဲ့တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသား သင်တန်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ ပါဝင်ဆင်နွှဲကြစဉ်။

တိုင်းဒေသကြီး(ပြန်/ဆက်)



ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ပြည်သူများ ကျန်းမာကြံ့ခိုင်သော နေ့စဉ်လူမှုဘဝများကို ပိုင်ဆိုင်နိုင်ရန် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက လွိုင်ကော်မြို့ ကန္တာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်တွင် စုရပ်ပြုလုပ်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်/ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ဆင်နွှဲကြစဉ်။

ပြည်နယ်(ပြန်/ဆက်)



ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် လူထုအားကစားလှုပ်ရှားမှုအဖြစ် ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့မှ စစ်တွေမြို့ ဓညဝတီအားကစားကွင်းအထိ စုပေါင်း လမ်းလျှောက်ပွဲ ကျင်းပစဉ်။

တင်ထွန်း(ပြန်/ဆက်)



ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက ရွှေရုပ်တုအဝိုင်းရှေ့၌ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ ပါဝင်ဆင်နွှဲကြစဉ်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# နိုင်ငံတစ်ဝန်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပ

လူတစ်ဦးချင်းမှအစပြု၍ တစ်မျိုးသားလုံးကျန်းမာသန်စွမ်းပြီး ကိုယ်လက်ကြံ့ခိုင်စေရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲများကို ဒီဇင်ဘာလ၏ အပတ်စဉ်စနေနေ့တိုင်း ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ရာ ဒီဇင်ဘာ ၆ ရက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လမ်းလျှောက်ပွဲများ ကျင်းပကြသည်။



ကျုံပျော်မြို့၌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။
မြို့နယ်(ပြန်/ဆက်)



ရမည်းသင်းမြို့၌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။
ခရိုင်(ပြန်/ဆက်)



ဟိုပုံးမြို့၌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။
ပအိုဝ်းဒေသ(ပြန်/ဆက်)



လက်ပံတန်းမြို့၌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။
မြို့နယ်(ပြန်/ဆက်)



လပွတ္တာမြို့၌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။
ခရိုင်(ပြန်/ဆက်)



ပန်းတောင်းမြို့၌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပပြီးနောက် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းပြုလုပ်စဉ်။
လပြည့်လင်း(ပြန်/ဆက်)



ပေါင်မြို့၌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။
မွန်မလေး(ပြန်/ဆက်)



ရန်ကင်းမြို့၌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။
လှလှထွေး



မြောင်းမြမြို့၌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။
ဇေယျာ(မြောင်းမြ)



ဆိပ်ဖြူမြို့နယ်၌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။
စိုးလင်းနိုင်(IPRD)



မိုးနဲမြို့၌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။
ဝိုးတောင်း



ဒိုက်ဦးမြို့၌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။
ကျော်ကျော်(ပြန်/ဆက်)



သံဖြူဇရပ်မြို့နယ်၌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။
မြို့နယ်(ပြန်/ဆက်)



သာယာဝတီမြို့၌ လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပပြီးနောက် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းပြုလုပ်စဉ်။ ခရိုင်(ပြန်/ဆက်)



အုတ်တွင်းမြို့နယ်၌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။
ခင်ခင်မာ(ပြန်/ဆက်)

# မြန်မာနယ်စပ်ဒေသတွေမှာ ရာဇဝတ်ဂိုဏ်းတွေ ဘယ်လိုရောက်လာသလဲ

**ယနေ့ကမ္ဘာ့သတင်းတွေမှာ KK Park၊ ရွှေကုက္ကိုလ်၊ မြဝတီနဲ့ လောက်ကိုင်လို့ပြောလိုက်တာနဲ့ အွန်လိုင်းလိမ်လည်မှုတွေရဲ့ ဗဟိုအချက်အချာဆိုပြီး ဖော်ပြကြတာမျိုး မြင်တွေ့ရပါတယ်။ ဒီမှာ လူတွေအလိမ်အညာခံရတယ်၊ ထိခိုက်ခံစားကြရတယ်လို့ သတင်းတွေကဖော်ပြပြီး တည်နေရာကတော့ မိမိတို့နိုင်ငံနယ်စပ်ဒေသတွေပေါ့။ ဒါပေမဲ့ အရင်းအမြစ်ကို ဖော်ထုတ်ရေးသားတဲ့မီဒီယာအချို့တွေ့ရပေမယ့် အတော်လေးနည်းပါတယ်။ မြေပြင်အခြေအနေမှန်ကို ထင်ဟပ်နိုင်တာမရှိဘဲ မြန်မာနိုင်ငံက လူဆိုးဂိုဏ်းတွေတည်ထောင်၊ တစ်ကမ္ဘာလုံးကလူတွေကိုခေါ်၊ ဒုက္ခပေးနှိပ်စက်ညှဉ်းပန်းနေသယောင်ပါပဲ။**

မင်းသော်

ရာဇဝတ်ဂိုဏ်းကြီးတွေ မြန်မာ့မြေပေါ်မှာ မည်သို့မည်ပုံ အခြေချလာကြသလဲ။ မြန်မာအစိုးရကရော ဘယ်လိုတွေလုပ်ဆောင်နေသလဲ စတဲ့မေးခွန်းတွေကို သူတို့သိစေလို၊ ချင့်ချိန်စေလိုပါတယ်။

အမှန်တရားကတော့ မြန်မာနိုင်ငံဟာ အခုလို ဒုစရိုက်လုပ်ငန်းတွေကို စတင်ခဲ့တာ၊ ပံ့ပိုးပေးတာနဲ့ ခွင့်ပြုခဲ့တာ လုံး၀(လုံး၀)မရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါဖြင့် လက်ရှိ မှိုလိုပေါက်လာခဲ့တဲ့ ဒုစရိုက်မှုအားလုံးက ဘယ်ကလာသလဲဆိုရရင် ပြည်ပအခြေစိုက် ရာဇဝတ်အုပ်စုတွေရဲ့ စီမံခန့်ခွဲမှုအောက်မှာရှိပြီး သူတို့ဟာ မငြိမ်းချမ်းတဲ့ မြန်မာနယ်စပ်ဒေသတွေကို ဦးတည်၊ မြန်မာ့ပိုင်နက်နယ်မြေတွေကို အလွဲသုံးစားလုပ်ပြီး အိမ်နီးချင်းနိုင်ငံတွေနဲ့ နိုင်ငံတကာအပေါ်မှာ ရာဇဝတ်မှုတွေ ကျူးလွန်နေတာပဲဖြစ်ပါတယ်။



နိုဝင်ဘာ ၂၇ ရက်က ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ခုနစ်ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုနှင့် သုံးထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းပြီး သိမ်းဆည်းရမိသည့် ကွန်ပျူတာများကို တွေ့ရစဉ်။

### မငြိမ်းချမ်းတဲ့ နယ်မြေဖန်တီး၊ ဒုစရိုက်မှုတွေ လုပ်ဆောင်

အွန်လိုင်းလိမ်လည်မှုလုပ်ငန်းတွေ အများစု ခြေကုပ်ယူရာနေရာတွေကို လေ့လာကြည့်မယ်ဆိုရင် နယ်စပ်ဒေသတွေနဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းတွေ ထိန်းချုပ်ခံထားရတဲ့ ပဋိပက္ခတို့ တည်ရာနေရာတွေမှာ ရှိနေတာကို ထင်ရှားစွာ မြင်တွေ့ရပါတယ်။ ဒီလို နိုင်ငံတကာက ဥပဒေမဲ့နယ်မြေတစ်ခုလို့မြင်လာတဲ့နေရာဟာ KNU လို အကြမ်းဖက်သောင်းကျန်းသူအချို့ရဲ့ ကိုယ်ကျိုးစီးပွားကို မျက်နှာမူပြီး နိုင်ငံခြားရာဇဝတ်ဂိုဏ်းတွေကို ဖိတ်ခေါ်ခွင့်ပြုခဲ့ခြင်းရဲ့ အကျိုးဆက်ပဲဖြစ်ပါတယ်။

ဥပမာအားဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်လောက်မှာ စတင်အမြစ်တွယ်တဲ့ ရွှေကုက္ကိုလ်၊ ၂၀၂၀ ပြည့်နှစ်မှာ စတင်တဲ့ KK Park စတင်ပေါက်ဖွားရာမှာ KNU ခေါင်းဆောင်ပိုင်းအချို့ ပါဝင်ပတ်သက်နေတာကို ထင်ထင်ရှားရှားတွေ့မြင်နိုင်ပါတယ်။ သူတို့ဟာ သူတို့ရဲ့စီးပွားရေးအမြတ်အစွန်းအတွက် နိုင်ငံတော်နဲ့ မြန်မာနိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာကို စတေးပြီး ပြည်ပရာဇဝတ်သားတွေကို သူတို့ရဲ့ဩဇာခံနယ်မြေတွေမှာ တံခါးဖွင့်ပေးခဲ့တာကြောင့်ပါပဲ။ ဒါကြောင့်ပဲ အခုလိုကြီးမားတဲ့ ဥပဒေမဲ့ ဒုစရိုက်ဇုန်ကြီးတွေ ဖြစ်လာတဲ့အထိ ကြီးမားလာခဲ့ရခြင်းလို့ ယူဆမိပါတယ်။

### အမျိုးသားရေးတာဝန်အနေနဲ့ စစ်ဆင်ရေးဆင်နွှဲ

ဒီလိုဒုစရိုက်လုပ်ငန်းတွေဟာ နိုင်ငံရဲ့ ဂုဏ်သိက္ခာကို ကြီးမားစွာထိခိုက်စေတဲ့အပြင် လူ့အခွင့်အရေးဆိုင်ရာ ပြဿနာတွေလည်း ဖြစ်ပေါ်စေတယ်ဆိုတာ မြန်မာနိုင်ငံအနေနဲ့ ကောင်းမွန်စွာသဘောပေါက်နားလည်တဲ့အတွက် မြန်မာအစိုးရအနေနဲ့ ဒုစရိုက်ကွန်ရက်တွေကို မြန်မာ့မြေပေါ်ကနေ ပပျောက်စေဖို့ အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ စစ်ဆင်ရေးအသွင် အားသွန်ခွန်စိုက်နှိမ်နင်းလျက်ရှိတာကို မြင်တွေ့ရပါတယ်။

အနီးစပ်ဆုံးတင်ပြရရင် ၂၀၂၃ ခုနှစ်နှောင်းပိုင်းကနေစတင်လို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ဒေသမှာ ဆောင်ရွက်ခဲ့တဲ့ ဆောင်ရွက်မှုတွေကိုကြည့်ရင် သိနိုင်ပါတယ်။ လောက်ကိုင်ဒေသဟာ တရုတ်နိုင်ငံသားတွေကို ပစ်မှတ်ထားတဲ့ အွန်လိုင်းလိမ်လည်မှုတွေ (Telecom Fraud) တွင်ကျယ်နေတဲ့အတွက် မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ရဲ့ခိုင်မာတဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့်ပဲ လိမ်လည်မှုတွေမှာ ဦးဆောင်သူတွေနဲ့ ပါဝင်ဆောင်ရွက်သူတွေကို အချိန်နဲ့တစ်ပြေးညီ ပြန်လည်လွှဲပြောင်းပေးခြင်းတွေကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံတော်က အလေးထားဆောင်ရွက်မှုတွေကြောင့် နိုင်ငံခြားသားအပါအဝင် လိမ်လည်ခံရသူ ၄၀၀၀ ကျော်ကို ဖော်ထုတ်နိုင်ခဲ့ခြင်းကလည်း နိုင်ငံတကာရာဇဝတ်မှုတွေကို အမှန်တကယ်တိုက်ဖျက်လိုတဲ့ မြန်မာတို့ရဲ့ဆန္ဒမှန်ကို ပြသတာပဲ မဟုတ်ပါလား။

### နိုင်ငံခြားသား ခြောက်သောင်းကျော် လွှဲပြောင်းပေးပြီးဖြစ်

လက်ရှိမှာတော့ ကရင်ပြည်နယ် မြဝတီနယ်စပ်မှာရှိတဲ့ KK Park နဲ့ ရွှေကုက္ကိုလ်ဒေသတွေမှာ တပ်မတော်၊ နယ်ခြားစောင့်တပ် (BGF)နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းစစ်ဆင်ရေး အကြိမ်ပေါင်း ၂၅ ကြိမ် ဆင်နွှဲခဲ့ပြီလို့သိရပါတယ်။ အဲဒီဒေသတွေမှာ ဥပဒေမဲ့လုပ်ရပ်တွေဖြစ်တဲ့ လောင်းကစားနဲ့ လိမ်လည်မှုတွေကျူးလွန်ဖို့ တည်ဆောက်ထားတဲ့ အဆောက်အအုံတွေကို စနစ်တကျဖြိုဖျက်လိုက်ခြင်းဟာ ဒုစရိုက်လုပ်ငန်းတွေရဲ့ အရင်းအမြစ်တွေ မြေလှန်ပစ်လိုက်သလိုမို့ အရင်းအမြစ်တွေ အတော်လေး ခြောက်ခန်းသွားစေခဲ့ပါပြီ။

နိုင်ငံတော်အစိုးရရဲ့ သတင်းထုတ်ပြန်ချက်တွေအရ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့အထိ KK Park အတွင်းမှာ အဆောက်အအုံ အလုံးပေါင်း ၆၃၅ လုံးအနက် ၂၉၃ လုံး ဖြိုချဖျက်ဆီးပြီးစီးကာ ရွှေကုက္ကိုလ်မှာ အဆောက်အအုံ ၁၆၁ လုံးကို ချိပ်ပိတ်သိမ်းဆည်းနိုင်ခဲ့တယ်လို့သိရပါတယ်။ အဲဒီမှာ အသုံးပြုနေတဲ့ ကွန်ပျူတာ ၃၃၁၀၊ မိုဘိုင်းဖုန်း ၂၁၈၇၀ သိမ်းဆည်းရမိဖျက်ဆီးခဲ့ခြင်းက မြန်မာနိုင်ငံအတွက်ရော ကမ္ဘာ့ဒုစရိုက်မှု ပပျောက်ရေးအတွက်ပါ ကြီးမားတဲ့အောင်မြင်မှုကြီးပါ။ ဆက်လက်ပြီးတော့လည်း အပြီးတိုင်ပပျောက်ရေးအတွက် အမြစ်ပြတ်ချေမှုန်းပစ်ဖို့လိုအပ်ပါတယ်။ ဒါမှသာ မြဝတီဒေသတစ်ဝိုက်မှာ အခုလို လိမ်လည်မှုတွေ၊ လောင်းကစားမှုတွေစတဲ့ ဒုစရိုက်လုပ်ငန်းအားလုံး ပြန်လည်ခြေချခွင့်မရမှာဖြစ်ပါတယ်။

အွန်လိုင်းလိမ်လည်မှုလုပ်ငန်းတွေမှာ အတင်းအဓမ္မလုပ်ကိုင်နေရပြီး ပိတ်မိနေကြတဲ့ နိုင်ငံခြားသားတွေကို စနစ်တကျနဲ့ ကယ်ဆယ်ပေးခဲ့တာကလည်း မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရပဲဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့ကနေ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့အတွင်း နိုင်ငံပေါင်း ၅၂ နိုင်ငံက နိုင်ငံခြားသား စုစုပေါင်း ၆၈၅၈၂ ဦးကို ပြန်လည်လွှဲပြောင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။

ထိုဒေသတွေမှာ ရောက်နေကြတဲ့ နိုင်ငံခြားသားတွေကို နိုင်ငံတော်ကတာဝန်ယူပြီး သူတို့ရဲ့သက်ဆိုင်ရာနိုင်ငံက ပြန်လည်မခေါ်ယူမချင်း ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းနဲ့ နိုင်ငံကြီးသားပီသစွာ တာဝန်ယူ စောင့်ရှောက်ပေးနေတာကိုလည်း ပြည်တွင်းသတင်းတွေမှာ ဖော်ပြထားပြီးဖြစ်ပါတယ်။

### ပွဲလန့်တုန်းဖျာဝင်ခင်း

ဒါပေမဲ့ ယခုလို နှိမ်နင်းမှုတွေကြောင့် သူတို့ရဲ့ အကျိုးစီးပွားပျက်စီးရကိန်းကြုံလာတဲ့အခါ အနာရှိသူအချို့က စပ်ကြသလို ပွဲလန့်တုန်းဖျာခင်းကြသူများကိုလည်း ဒီအခင်းအကျင်းမှာ မြင်တွေ့ရပါတယ်။ KNU/ KNLA နဲ့ PDF အမည်ခံအကြမ်းဖက်သမားတွေဟာ သူတို့ကသာ အွန်လိုင်းလောင်းကစားမှုတွေ တိုက်ဖျက်သယောင်အမည်ခံပြီး အချို့ကျေးရွာတွေကို ပစ်ခတ်ထိန်းချုပ်တာ၊ တရားမဝင်နိုင်ငံခြားသားအချို့ကို မြန်မာအစိုးရနဲ့တပ်မတော်ကို မအပ်နှံဘဲ ဖမ်းဆီးထိန်းသိမ်းထားခြင်းတွေကို ဆောင်ရွက်နေပြီး အသေအပျောက်လည်းရှိတယ်လို့ ဒေသခံတွေထံက သတင်းတွေ ထွက်ပေါ်နေခဲ့ပါတယ်။ ဒါပေမဲ့ သူတို့ကတော့ အွန်လိုင်းလိမ်လည်မှုတွေကို သူတို့ကပဲ တိုက်ဖျက်နေသယောင် နိုင်ငံတကာကိုတောင် လိမ်လည်ဖို့ကြိုးစားလျက်ရှိတာကိုလည်း မြင်တွေ့ရပါတယ်။

ထို့အတူပဲ အမေရိကန်နိုင်ငံက သူတို့နိုင်ငံသားတွေကို အွန်လိုင်းလိမ်လည်မှုတွေကနေ ကာကွယ်ဖို့ Scam Center Strike Force (SCSF) ဖွဲ့စည်းဆောင်ရွက်နေတယ်လို့သိရပြီး အောက်လွှတ်တော်မှာလည်း မြန်မာ့အရေး ဆွေးနွေးမှုတွေလုပ်ပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုနှိမ်နင်းရေးကို ဝင်ရောက်စွက်ဖက်ဖို့ ပြောဆိုနေတာကို တွေ့ရပါတယ်။

မြန်မာဘက်ကို လွယ်လွယ်ကူကူအပြစ်တင်နေကြပေမယ့် တစ်ဖက်မှာ လူကုန်ကူးခံရသူတွေရဲ့ ထွက်ဆိုချက်တွေကတော့ စိတ်ဝင်စားစရာကောင်းပါတယ်။ သူတို့ရဲ့ ထွက်ဆိုချက်တွေဟာ ဒုစရိုက်မှုတွေရဲ့ အစပြုရာနေရာတွေကို ရှင်းရှင်းလင်းလင်း ညွှန်ပြနေတယ်ဆိုတာကိုတော့ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ဥပမာအားဖြင့် ပြီးခဲ့တဲ့ရက်ပိုင်းက ပြည်တွင်းသတင်းဌာနတွေရဲ့ တွေ့ဆုံမေးမြန်းမှုတစ်ခုမှာ ကင်ညာနိုင်ငံသားတစ်ဦးက ဖြေဆိုထားတာကတော့ သူက ထိုင်းနိုင်ငံကနေ အလုပ်ခေါ်ယူတာ ခံရပါတယ်လို့ ဖြေကြားထားပါတယ်။

### ဘယ်နေရာမှာ လူကုန်ကူးခံရမှန်းတောင် မသဲကွဲကြသူများ

နိုင်ငံခြားသတင်းဌာနတစ်ခုမှာလည်း ဖိလစ်ပိုင်နိုင်ငံသား လူကုန်ကူးခံရသူက **“ကျွန်တော့်ကို ခေါ်လာခဲ့တဲ့သူက ထိုင်းနိုင်ငံသားဖြစ်ပါတယ်။ ကျွန်တော်မြန်မာနိုင်ငံကို အရင်က မရောက်ခဲ့ဖူးပါဘူး”**လို့ ဖြေကြားထားခဲ့ပါတယ်။ အဲဒါအပြင် ဗီယက်နမ်နိုင်ငံသားတစ်ဦးကလည်း **“မြန်မာနိုင်ငံမှာနေရပေမယ့် ကျွန်တော့်ကို ရိုက်နှက်တဲ့သူတွေက မြန်မာနိုင်ငံသားမဟုတ်ဘူး”**လို့ ထွက်ဆိုခဲ့တာကို နိုင်ငံတကာသတင်းဌာနတွေမှာ ဖတ်ရှုခဲ့ရပါတယ်။

နိုင်ငံတကာသတင်းတွေနဲ့ လူကုန်ကူးမှုသတင်းတွေကို လေ့လာကြည့်တဲ့အခါ ဥပဒေစိုးမိုးမှုမရှိတဲ့ ဒီလိုနေရာတွေကိုရောက်လာတဲ့ နိုင်ငံခြားသားအားလုံးရဲ့ ၉၀ ရာခိုင်နှုန်းလောက်ဟာ မြန်မာနိုင်ငံမှာ လုပ်ရမယ်ဆိုတာကို မသိခဲ့ကြတဲ့အပြင် မြန်မာနိုင်ငံအတွင်း ရောက်ရှိနေတယ်ဆိုတာကိုလည်း အချိန်လွန်မှသိကြရတယ်လို့ ဖော်ပြထားပါတယ်။ ထိုင်းနိုင်ငံကနေတစ်ဆင့် တရားမဝင်ဖြတ်သန်းဝင်ရောက်လာကြတယ်ဆိုတာ အထင်အရှားလို့ ဆိုရမှာဖြစ်ပါတယ်။

စာမျက်နှာ ၉ သို့ ❄

**❛ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းတွေအများစု ခြေကုပ်ယူရာနေရာတွေကို လေ့လာကြည့်မယ်ဆိုရင် နယ်စပ်ဒေသတွေနဲ့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းတွေ ထိန်းချုပ်ခံထားရတဲ့ ပဋိပက္ခတို့ တည်ရာနေရာတွေမှာ ရှိနေတာကို ထင်ရှားစွာ မြင်တွေ့ရပါတယ်။ ဒီလို နိုင်ငံတကာက ဥပဒေမဲ့နယ်မြေတစ်ခုလို့မြင်လာတဲ့နေရာဟာ KNU လို အကြမ်းဖက်သောင်းကျန်းသူအချို့ရဲ့ ကိုယ်ကျိုးစီးပွားကို မျက်နှာမူပြီး နိုင်ငံခြားရာဇဝတ်ဂိုဏ်းတွေကို ဖိတ်ခေါ်ခွင့်ပြုခဲ့ခြင်းရဲ့ အကျိုးဆက်ပဲဖြစ် ❜**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် အားကစားအဖွဲ့အား ကြည့်ရှုအားပေး

**ရန်ကုန်  ဒီဇင်ဘာ ၆**

